# ဘယ်သူ့အတွက်ဒီမိုကရေစီဆောင်ကျဉ်းပေးမှာလဲ

ရွေးကောက်ပွဲတခုရောက်လာပြန်ပါတော့မယ်။ ဧပြီလ(၁)ရက်နေ့မှာကျင်းပဖို့အတွက် ကြံ့ဖွတ်အစိုးရအနေနဲ့ဗေဒင်မေးပြီးမှ ရွေးခြယ်လိုက်တာဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ဒီရက်ကိုကမ္ဘာအနှံ့မှာ (April Fool's Day) အရူးလုပ်တဲ့နေ့လို့ သတ်မှတ်နားလည်ထားကြပါတယ်။ ဗမာပြည်မှာအရူးလုပ်ပွဲကြီးတခုထပ်တွေ့ရဦးတော့မယ်။ ပြီးခဲ့တဲ့ ၂၀၁၀ရွေးကောက်ပွဲထက် ပိုမိုပြောင်မြောက်တဲ့ အရူးလုပ်ပွဲတခုကို မြင်ရလောက်ပါတယ်။ (ပြည်သူလူထုကိုအရူးလုပ်ပြဖို့ကြိုးပမ်းခဲ့တာဟာ ပြည်သူလူထုရှေ့မှာရူးပြတာပဲဖြစ်သွားခဲ့ဖူးပါတယ်။

အခုဆိုရင် ကြိုတင်မဲတွေ၊ ပြည်ပရောက်မဲတွေ တင်းနဲ့တောင်းနဲ့အသင့်ဖြစ်နေလောက်ပါပြီ။ ဘယ်သူနိုင်စေ၊ ဘယ်သူရှုံးစေဆိုတာကိုမဲပေးသူတွေကဆုံးဖြတ်တာမဟုတ်ပဲ ကြပ်ပြေးကနေဆုံးဖြတ်မှာပါ။ ဒါပေမဲ့စိတ်ချပါ။ ဒီတခါရွေးကောက်ပွဲမှာ ဗိုလ်သိန်းစိန်တို့ဟာ သူမတူအောင်သန့်စင်ပြမှာဖြစ်ပါတယ်။ အကြောင်းကတော့ ဒီရွေးကောက်ပွဲမှာသူတို့လူတွေ အားလုံးရှုံးသွားလည်း လွှတ်တော်ထဲမှာ သူတို့လူတွေက ၈၀%အထက် ထိန်းချုပ်ထားမှာမို့ဖြစ်ပါတယ်။ နောက်ပြီးဝင်အရွေးခံမယ့်သူတို့ကြံ့ဖွတ်ကိုယ်စားလှယ်လောင်းဆိုတာကလည်း ဝန်ကြီးနေရာအတွက်လျာထားသူတွေမဟုတ်ပါဘူး။ အဖြည့်ခံကိုယ်စားလှယ်လောင်းတွေ၊ ကြက်စကားနဲ့ပြောရရင် ခွပ်လက်ခံအမတ်လောင်းတွေသာဖြစ်မှာမို့ပါ။ နောက်ပြီး တချက်ခုတ်နှစ်ချက်ပြတ်ဆိုသလို သူတို့ကိုစောင့်ကြည့်နေတဲ့ ကမ္ဘာ့အသိုင်းအဝိုင်းထဲကလူတွေရဲ့မျက်လုံးထဲမှာ မောင်ရွှေရိုးဖြစ်မယ်မဟုတ်လား။

တကယ်တော့ဒီရွေးကောက်ပွဲဟာ ၂၀၁၀ရွေးကောက်ပွဲရဲ့အစိတ်အပိုင်းတခုသာဖြစ်ပါတယ်။ တနည်းပြောရရင် ၂၀၁၀ခုနှစ်လိမ်လည်ပွဲကြီးရဲ့အဆက်သာဖြစ်ပါတယ်။ ဗိုလ်သိန်းစိန်တို့အာဏာရရေးအတွက် “တရားဝင်”အောင်လုပ်ပေးရတဲ့ခြေလှမ်းအဆက်သာဖြစ်ပါတယ်။ ဦးဗိုလ်သန်းစိန်တို့အတွက် အချိုပေါ်သကာလောင်းမယ့် ရွေးကောက်ပွဲသာဖြစ်ပါတယ်။ ဒင်းတို့တတွေကံထတယ်လို့ဆိုရမလားမသိပါဘူး၊ ကြိုတင်မဲတွေ၊ အဝေးရောက်မဲတွေနဲ့သမတလုပ်တာကိုတောင်မှ ဖြောင့်မတ်တယ်၊ ယုံကြည်ရတယ်လို့ ချီးကျူးတာတွေဖြစ်နေပါတယ်။

ပြန်စဉ်းစားလိုက်ရင် ဒီအစိုးရသစ်တက်လာလို့ ၂နှစ်နီးပါးကြာတဲ့အခါမှာ ဒီနေ့ဗမာပြည်ပြည်သူတွေရဲ့ စားဝတ်နေထိုင်မှုဘဝအခြေအနေကိုပြန်စဉ်းစားကြည့်လိုက်ပါ။ ကြားဖြတ်ရွေးကောက်ပွဲကျင်းပမယ်ဆိုတဲ့အကြောင်းနဲ့ မရှေးမနှောင်းမှာပဲ လောင်စာဆီခ၊ လျှပ်စစ်မီတာခ၊ မီးရထားခတွေ မြှင့်တင်ခဲ့ပါတယ်။ ဒီကာလအတွင်းမှာ ဆန္ဒပြတာတွေပေါ်ခဲ့တာကို ဒီအစိုးရ“သစ်”က နည်းမျိုးစုံနဲ့ ပိတ်ပင်ဖျက်ဆီးခဲ့ပါတယ် (ဒီဆန္ဒပြပွဲတာတွေအနားကို ဘယ်နိုင်ငံရေးပါတီမှမကပ်တာလည်းသတိထားမိပါတယ်)။ လယ်သမားတွေအပေါ်အမျိုးမျိုးအနိုင်ကျင့်တာတွေ၊ များသထက်များ၊ ဆိုးဝါးသထက်ဆိုးဝါးလာသလို ပြည်တွင်းစစ်ရဲ့ ဖုံးသံအမြောက်သံတွေဟာ ကျယ်လောင်သထက် ကျယ်လောင်လို့သာလာနေပါတယ်။ ဒါတွေနဲ့တပြိုင်နက်ထဲမှာ ဗီအိုအေအသံလွှင့်ဌာနရဲ့ ရေးခွင့်မရသောသတင်းများကဏ္ဍမှာ ဖော်ပြစရာတွေဟာ ပြောသူမနိုင်လောက်အောင်ဖြစ်နေပါတယ်။ သေချာတာကတော့ ဗိုလ်သိန်းစိန်တို့ရဲ့ “အပြောင်းအလဲ”ဆိုတာကို ငွေကြေးခနအခြေအနေတောင့်တင်းသူများက မျှော်လင့်ချက်ထားနေကြပြီး အောက်ခြေဆင်းရဲသားပြည်သူတွေကတော့ မျှော်လင့်ချက်မဲ့သထက်မဲ့လာနေပါတယ်။

ဒီလိုအခြေ အနေတွေရှိပါလျက်နဲ့ ဗိုလ်သိန်းစိန်ဟာ အမေရိကန်ကဝါရှင်တန်ပို့စ်သတင်းစာနဲ့ အင်တာဗျူးရာမှာ သူတို့ဘက်ကတော့ တာဝန်ကြေပြီ၊ အနောက်နိုင်ငံတွေဘက်က ပိတ်ဆို့တာတွေပြန်ဖွင့်ပါတော့လို့ပြောင်ပြောလိုက်ပါတယ်။ ဒီအရင်ရက်ပိုင်း ကလေးတုန်းကပဲ သူတို့အခုလုပ်နေတာတွေဟာ ဘယ်သူကလုပ်ခိုင်းလို့/ဖိအားပေးလို့မှမဟုတ်ဘူး ဆိုတဲ့သဘောမျိုးပြောခဲ့ပါသေးတယ်။ အခုတော့ရော့ပတ္တမြား– ပေးနဂါးလုပ်နေပါပြီ။

ဒါဟာဗိုလ်သန်းစိန်နဲ့ကြံ့ဖွတ်အစိုးရက ဖန်တီးနေတဲ့“ဒီမိုကရေစီ”ပါပဲ။ ဗမာပြည်ပြည်သူလူထုအဖို့ကတော့ မီးရှူးမီးပန်းတွေကိုငေးမောကြည့်နေတုန်း အထုပ်လုခိုးခံရတဲ့အဖြစ်ကြုံနေရပါပြီ၊ တကယ်ကဒီရွေးကောက်ပွဲအပါ ဦးသိန်းစိန်တို့လုပ်နေတာတွေဟာ ဗိုလ်ချုပ်တွေအတွက် လွှတ်လပ်စွာလိမ်ညာခွင့်၊ လွှတ်လပ်စွာသွေးစုပ်ခွင့်၊ လွှတ်လပ်စွာစစ်ခင်းခွင့်တွေကို ရွှေလင်ပန်းနဲ့တင်ပေးနေတာသာဖြစ်ပါတယ်။

**ရဲဘော်ဖိုးသံချောင်း**